တရားတို့သည် အမြဲမတည်ကုန်၊ ပျက်စီးသောသဘောရှိကုန်၏''ဟု တရားဟော၍ မင်းကြီးအား ငါးပါးသီလကို ဆောက်တည်စေ၏။ မင်းကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက်တော်မူ၍ ရွှေဥဒေါင်းမင်းအား မင်းအဖြစ် ပူဇော်လေ၏။

ရွှေဥဒေါင်းမင်းသည် မင်းအဖြစ်ကို မင်းကြီးအား ပြန်လည်အပ်နှင်း၍ ရွှေနန်းတော်၌ နှစ်ရက် သုံးရက်မျှသာ နေလေ၏။ ထို့နောက် ရွှေဥဒေါင်းမင်းသည် မင်းကြီးအား ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ ပြုလေလော့ဟု ဩဝါဒပေးပြီးလျှင် ကောင်းကင်သို့ ပျံ၍ ဟိမဝန္တာတော ဒဏ္ဍကတောင်သို့ ပြန်လည်၍ နေတော်မူလေသည်။

ဤသို့ မြတ်စွာဘုရားသည် မောရဇာတ်တော်ကို ဟောတော်မူပြီး သစ္စာလေးပါးဖြင့် တရားတော်ကို အဆုံးသတ်တော်မူရာ ဒေသနာတော်၏အဆုံးတွင် သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် ရဟန္တာဖြစ်လေသည်။

## မောရသုတ်ပရိတ်တော်

မောရပရိတ်တော်တွင် ပရိတ်တော်၏အမွှန်းဂါထာများအပါအဝင် ဂါထာပိုဒ် (၆)ပိုဒ်ပါရှိပါသည်။ ယင်း(၆)ပိုဒ်တွင် ၁–၂ ဂါထာပိုဒ်တို့သည် မောရပရိတ်တော်၏ သမိုင်းနှင့် ဂုဏ်ရည်များကို ဖော်ပြသည့် အမွှန်းဂါထာများဖြစ်ပြီး ကျန်ဂါထာပိုဒ်များဖြင့် ဘုရားလောင်း ဥဒေါင်းမင်းရွတ်ဆိုခဲ့သည့် နေမင်းအားရှိခိုးခြင်းနှင့် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးကုန်သော ဘုရားရှင်တို့နှင့် ဘုရားရှင်တို့ ထိုးထွင်းသိမြင်တော်မူခဲ့သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားထူးများကို ရှိခိုးပူဇော်ထားခြင်းဖြစ်ပါသည်။

## မောရသုတ်ပရိတ်တော်ဂုဏ်ရည်

မောရသုတ်ပရိတ်တော်ကို မနက်, ည နေ့စဉ်မပျက် ရွတ်ဆိုပူဇော်ဖူးခဲ့သော အလောင်းတော်ဥဒေါင်းမင်းသည် ပရိတ်တော်၏ အစွမ်းသတ္တိဖြင့် မိမိနေထိုင်ရာနေရာကို လုံခြုံစေကာ ထောင်ချောက်အမျိုးမျိုးမှ လွတ်ကင်းသကဲ့သို့ပင် မောရသုတ်ပရိတ်တော်ကို သဒ္ဓါယုံကြည်စွာဖြင့် ရွတ်ပွားပူဇော်ပါက မိမိနေထိုင်ရာအရပ် လုံခြုံခြင်း၊ ဘေးဥပဒ်အန္တရာယ်များ မကျရောက်ခြင်း၊ အချုပ်အနှောင်မခံရခြင်း၊

**၃။ *ဥဒေတ’ ယံ စက္ခုမာ ဧကရာဇာ၊**
**ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော[၁]။**
**တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ**
**ပထဝိပ္ပဘာသံ၊**
**တယာ’ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။**

၃။ ကမ္ဘာသူ ကမ္ဘာသားတို့အား အလင်းရောင်ကို ပေးတတ်သော မျက်စိရှိ၍ အရောင်များစွာတွင် တစ်ဦးတည်းဘုရင်ဖြစ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြေအပြင်၌ ထွန်းလင်းသော အရောင်ရှိသော ဤနေမင်းသည် အရှေ့လောကဓာတ်မှ ထွက်ပေါ်လာ၏။ ထို့ကြောင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြေအပြင်၌ ထွန်းလင်းသော အရောင်ရှိသော အရှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏။ ယနေ့ အဖို့ အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူ၍ အကျွန်ုပ်တို့သည် ဤတစ်နေ့တာပတ်လုံး ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

**၄။ *ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊**
**တေ မေ နမော, တေ စ မံ**
**ပါလယန္တု။**
**နမတ္ထု ဗုဒ္ဓါနံ[၂], နမတ္ထု ဗောဓိယာ၊**
**နမော ဝိမုတ္တာနံ[၃], နမော ဝိမုတ္တိယာ။**

၄။ ဝိသုဒ္ဓိဗြာဟ္မဏဟု ခေါ်ဝေါ်အပ်သော ဘုရားရှင်တို့သည် တရားဥဿုံ အလုံးစုံကို သိတော်မူကြကုန်၏။ ထိုဘုရားရှင်တို့သည် အကျွန်ုပ် (ဥဒေါင်းမင်း)၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်ကိုလည်း စောင့်

*ဇာတကပါဠိယံ ပဌမဘာဂေ–၃၈–၃၉–ပိဋ္ဌေသု။

၁–ပဌဝိပ္ပဘာသော(သီ၊သျာ၊ကံ) ၂–ဗုဒ္ဓါန(?) ၃–ဝိမုတ္တာန (?)

